နောက်ဆက်တွဲ(က)

## (၂) ထပ်အုတ်ညှပ်ကျောင်းသားအိပ်ဆောင်အကြီးစားပြုပြင်မွမ်းမံရန်အတွက် လိုအပ်ချက်များ

| | | |
|---|---|---|
| အိပ်ဆောင်အမိုး | - | ကျောက်ပြားအမိုးကို 0.36 Aluzinc Sheet ဖြင့် အသစ်လဲလှယ်မိုးပေးခြင်း( ဒိုင်းမျှားအပါအဝင်) |
| မျက်နှာကြက် | - | ကျောက်ပြားမျက်နှာကြက်များ အစားထိုးပြုပြင်ခြင်း (တန်းများအပါအဝင်) |
| တံခါး၊ပြူတင်း | - | လိုအပ်သည်များ ပြုပြင်မွမ်းမံခြင်း၊ |
| ဝရံတာနှင့်ပန်းကွက် | - | Hollow Pipe နှင့် ဂျပန်သံပန်းတပ်ဆင်ပေးရန်၊ |
| အတွင်းအပြင်နံရံများ | - | လိုအပ်သည်များ ပြုပြင်မွမ်းမံခြင်း၊ |
| ဆေးသုတ်ခြင်း | - | အတွင်းအပြင်နံရံများ ရေဆေး၊ဆီဆေးသုတ်ခြင်း (OE) |
| လျှပ်စစ် | - | လျှပ်စစ်မီးလိုင်းများပြုပြင်ပေးရန်နှင့် လိုအပ်ပါကအသစ်လဲလှယ်ပေးရန်၊ |
| သန့်စင်ခန်း | - | ကြွေပြားကပ်ခြင်း၊ကြွေခွက်အဟောင်းများပြုပြင်ရန်၊ မိလ္လာပိုက်လိုင်းများ အသစ်လဲလှယ်ရန်၊ |
| ရေလိုင်း | - | လိုအပ်သော Fiber Tank များ ထည့်ပေးရန်နှင့် ရေပိုက်လိုင်းစနစ်ပြုပြင်ပေးရန်၊ |
| ကြမ်းခင်း | - | လိုအပ်သည့်ကြမ်းခင်းများ အသစ်လဲလှယ်ပေးရန်၊ |
| ကုတင်၊စားပွဲ၊ကုလားထိုင် | - | လိုအပ်သည်များ ပြုပြင်မွမ်းမံခြင်း၊ |
| Sun-Shade | - | အပေါ်နှင့်အောက်ထပ်များတွင် Sun-Shade များ ထည့်ပေးရန်၊ |

**မှတ်ချက်။(၁) အစားထိုးသစ်များသည်ပျဉ်းကတိုးဖြစ်ရမည်။**

**(၂) အခန်းတိုင်းတွင်ခိုင်ခန့်သောပတ္တာအသစ် တပ်ဆင်ပေးရမည်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ နေပြည်တော်

**၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည့်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းသူများသို့ ညွှန်ကြားချက်များ**

၁။ တင်ဒါပုံစံ၊ညွှန်ကြားချက်များ၊စံချိန်စံညွှန်းများနှင့် Architectural Drawing များကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ငွေစာရင်းဌာနတွင် မှတ်ပုံတင်၍ ဝယ်ယူနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာ တင်သွင်းသည့် ကုမ္ပဏီများသည် နိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည့်အပြင်၊ နိုင်ငံတော်မှ သတ်မှတ်ထားသည့် အခွန်အခများ ပေးဆောင်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်။ တင်ဒါအဆိုပြုလွှာကို အောက်ဖော်ပြပါလိပ်စာအတိုင်းလိပ်မူ၍ လူကိုယ်တိုင်တင်သွင်းရမည်-

**သို့**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

**ရေဆင်း၊ နေပြည်တော်**

မိမိအဆိုပြုတင်သွင်းလိုသည့် တင်ဒါအမှတ်ကိုဖော်ပြလျက် တင်ဒါအဆိုပြုလွှာထည့်ရန် သေတ္တာထဲသို့ **၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ( ၂ ) ရက် ၊ ၁၆:၀၀ နာရီ**တွင် နောက်ဆုံးထား၍ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(စီမံ) ရုံးတွင် တင်သွင်းရမည်။

၃။ **နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအား ချိပ်ပိတ်စာအိတ်များဖြင့် သီးခြားစီခွဲ၍ တင်ဒါတင်သွင်းရမည့် နေ့ရက်တွင် တစ်ပြိုင်တည်း တင်သွင်းရမည်။**

၄။ တင်ဒါတင်သွင်းရာ၌ နည်းပညာကျွမ်းကျင်မှုဆိုင်ရာစာအိတ် (Technical proposal envelope) တွင် အောက်ပါစာရွက်စာတမ်းများ ပြည့်စုံစွာပါဝင်ရမည်-

(က) အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ

(ခ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီဖွဲ့စည်းပုံဇယား

(ဂ) တင်ဒါအာမခံကြေး **(၁%)** Deposit တင်သွင်းသည့် ချလံမူရင်း (၁)စောင်

(ဃ) BQ, Structural drawing, Architectural drawing;

(င) ကုမ္ပဏီမှဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံ (Company Profile)

(စ) ကြီးကြပ်ဆောင်လုပ်မည့် အင်ဂျင်နီယာ၊ ကျွမ်းကျင်ပုဂ္ဂိုလ်၊ စက်ယန္တရားများစာရင်း

(ဆ) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ချက်ပြအချိန်ဇယား (Work Schedule Programme) နှင့်လုပ်ငန်းလုပ်ဆောင်မည့်နည်းလမ်း

၅။ ဘဏ္ဍာရေးဆိုင်ရာ ဈေးနှုန်းအဆိုပြုလွှာစာအိတ်(Financial proposal envelope) တွင် တင်ဒါတင်သွင်းသည့်ဈေးနှုန်းကို ဖော်ပြထားပြီး ချိတ်ပိတ်ထားရမည်။

၆။ နည်းပညာကျွမ်းကျင်မှုဆိုင်ရာစာအိတ် (Technical proposal envelope ) များကို ဖွင့်ဖောက်၍ လိုအပ်သောအရည်အသွေးနှင့် စံချိန်စံညွှန်းများ ပြည့်မီမှု ရှိ/မရှိ ဝန်ကြီးဌာနမှ ဖွဲ့စည်းပေးထားသည့် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်၍ အရည်အသွေးပြည့်မီသော နည်းပညာ ကျွမ်းကျင်မှုဆိုင်ရာ(Technical) အောင်မှတ်ရရှိထားသည့် ကုမ္ပဏီများ၏ ဘဏ္ဍာရေးဆိုင်ရာ ဈေးနှုန်းအဆိုပြုလွှာစာအိတ်(Financial proposal envelope) ကိုသာ တင်ဒါဖွင့်ဖောက်မည်။ ဘတ်ဂျက်ခွင့်ပြုငွေနှင့် ကိုက်ညီမှုရှိပြီး ပြည့်စုံမှန်ကန်၍ အနည်းဆုံးဈေးနှုန်းဖြင့် တင်သွင်းသည့် ကုမ္ပဏီကိုသာ ပထမအဆင့် တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်မည်။

၇။ တင်ဒါဖွင့်ပွဲသို့ တက်ရောက်ခြင်းမရှိသော ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ ဈေးနှုန်းအဆိုပြုလွှာစာအိတ်(Financial proposal envelope) ကို ဖွင့်ဖောက်မည် မဟုတ်ပါ။

၈။ တင်ဒါတင်သွင်းလိုသူသည် လုပ်ငန်း(၁) ခုစီအတွက် အိတ်ဖွင့်တင်ဒါ အာမခံစပေါ်ငွေ **(၁%)** ကို **PO cheque** ဖြင့် တင်ဒါမတင်သွင်းမီ **မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်** ငွေစာရင်းဌာနနှင့် ချိတ်ဆက်၍ မြန်မာ့စီးပွားရေးဘဏ်၊ ပျဉ်းမနားသို့ ကြိုတင်ပေးသွင်းရမည်။

၉။ အိတ်ဖွင့်တင်ဒါ မအောင်မြင်သူများ၏ တင်ဒါအာမခံစပေါ်ငွေ **(၁%)** ကို ရုံးဖွင့်အလုပ်လုပ်ရက် (၇) ရက်အတွင်း ငွေစာရင်းဌာနမှ ပြန်လည်ထုတ်ပေးမည်။

၁၀။ အိတ်ဖွင့်တင်ဒါအောင်မြင်သူများ၏လုပ်ငန်းအာမခံငွေ **Performance Guarantee (၁၀%)** ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီဆောင်ရွက်ပြီး **အထောက်အထားမှုရင်းကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်** ငွေစာရင်းဌာနသို့ တစ်ပတ်အတွင်း ပေးအပ်ရမည်ဖြစ်ပြီး အဆိုပါ Performance Guarantee **(၁၀%)** ကို တည်ဆောက်ရေးလုပ်ငန်းများ (Completion Certificate) ရရှိပြီး(၁) နှစ်ကြာမှသာ ပြန်လည်ထုတ်ပေးမည်။

၁၁။ အိတ်ဖွင့်တင်ဒါ အောင်မြင်သူ၏ တင်ဒါအာမခံစပေါ်ငွေကို **Performance Guarantee (၁၀%)** ပေးသွင်းပြီး(၁) ပတ်အတွင်း ပြန်လည်ထုတ်ပေးမည်။

၁၂။ **အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းခြင်း**

(က) **အဆိုပြုတင်ပြသည့် အိတ်ဖွင့်တင်ဒါတွက်ချက်မှုကို အိတ်ဖွင့်တင်ဒါတင်သွင်းသူမှ လုံးဝတာဝန်ယူရမည်။** မှားယွင်းတွက်ချက်မှု၊ မှားယွင်းဖြည့်စွက်မှု၊ အချက်အလက်မှားယွင်းမှုများရှိပါက တွက်ချက် တင်သွင်းသူ၌သာ တာဝန်ရှိသည်။

(ခ) အသုံးပြုသည့်ပစ္စည်းများသည် နိုင်ငံတွင်းမှဖြစ်ပါက ကုန်ကျစရိတ်များကို သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်း၏ **ဒေသန္တရဈေးနှုန်းအတိုင်း** တွက်ချက်တင်ပြရန်ဖြစ်သည်။ စာရင်းစစ်ချုပ်ရုံးက စစ်ဆေးမည့် ဒေသန္တရဈေးနှုန်းဖြင့် စိစစ်ခြင်းခံရမည်။

(ဂ) ပစ္စည်းတန်ဖိုး၊ လုပ်အားခနှင့် မမျှော်မှန်းနိုင်သော အသုံးစရိတ်များကို အသေးစိတ်တွက်ချက်ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ခ ရာခိုင်နှုန်းမည်မျှဖြင့် ဆောင်ရွက်နိုင်ကြောင်း ဖော်ပြပါရှိရမည်။

(ဃ) မမျှော်မှန်းနိုင်သောအသုံးစရိတ်နှင့် ပိုမိုကုန်ကျခဲ့သောပစ္စည်းတန်ဖိုး၊ သယ်ယူပို့ဆောင်ရေးစရိတ်များကို သုံးစွဲရပါက ဓာတ်ပုံမှတ်တမ်းများ၊ သက်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းများ၏ ထောက်ခံချက်နှင့်တကွ ကျိုးကြောင်းခိုင်လုံစွာ တင်ပြရမည်။

(င) လုပ်ငန်းတန်ဖိုးတွက်ချက်ရာတွင် နိုင်ငံတော်သို့ပေးသွင်းရမည့် Withholding Tax 2% ကို သီးခြားတွက်ချက် တင်ပြခြင်းမပြုရပါ။

(စ) ဆောက်လုပ်လိုသည့်အဆောက်အဦပုံစံနှင့်ပြုပြင်မွမ်းမံလိုသည် အဆောက်အဦများ၏ အရည်အသွေးသည်နောက်ဆက်တွဲ(က)ပါ သတ်မှတ်ပေးထားသည့်အတိုင်း ဖြစ်သည်။

(ဆ) ခန့်မှန်းခြေစာရင်း (Estimate) တွက်ချက်တင်ပြရမည်။

(ဇ) တင်ဒါတည်မြဲမှုကာလသည်တင်ဒါတင်သွင်းသည့်နေ့ရက်မှစ၍ (၃) လထက် မပိုစေရ။

(ဈ) ဈေးနှုန်းတည်မြဲမှုကာလ (Price validity) သည် ဈေးနှုန်းလွှာပိတ်ချိန်မှ (၃) လ အတွင်း တည်မြဲမှုရှိစေရမည်ဖြစ်ပြီး (၃) လကျော်လွန်ပါက နှစ်ဦးနှစ်ဖက်လက်ခံသော ကာလပေါက်ဈေးကို ပြန်လည်သတ်မှတ် ဆောင်ရွက်မည်။

၁၃။ **စိစစ်ရွေးချယ်ခြင်း**

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသည်-

(က) တင်ဒါအဆိုပြုလွှာများကို တင်သွင်းသူများ၏ရှေ့မှောက်တွင် ဖွင့်လှစ်မည်။ တင်သွင်းသည့်ဈေးနှုန်းသည် အတည်ဖြစ်သည်။ **စာရင်းစစ်ချုပ်ရုံးကစစ်ဆေးမည့် ဒေသန္တရဈေးနှုန်းနှင့်အညီ တွက်ချက်ထားပြီး တင်ဒါစည်းကမ်းများနှင့် ညီညွတ်ရပါမည်။**

(ခ) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် မညီညွတ်သော တင်ဒါအဆိုပြုလွှာကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(ဂ) တင်ဒါတင်သွင်းသည့် ဆောက်လုပ်ရေးလုပ်ငန်း၏ စံချိန်စံညွှန်း၊ တန်ဖိုး၊ ပြီးစီးမည့်ရက်၊ အာမခံသက်တမ်း(Warranty)၊ ငွေပေးချေရမည့်အစီအစဉ်၊ လုပ်ငန်းခိုင်မာမှု စသည်တို့ကိုစိစစ်၍ တင်ဒါတင်သွင်းသူများအား အသိပေးကြေညာကာ **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန"**၏အတည်ပြုချက်ဖြင့် ရွေးချယ်မည်ဖြစ်သည်။

(ဃ) ရွေးချယ်ခံရသော လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းပမာဏနှင့် တန်ဖိုးတို့ကို တင်ဒါအောင်မြင်သူထံသို့ အကြောင်းကြားပေးမည်။

၁၄။ **စာချုပ်ချုပ်ဆိုခြင်း**

တင်ဒါအောင်မြင်သူသည်-

(က) ရွေးချယ်ကြောင်းအကြောင်းကြားစာ ပေးပို့သည့်နေ့မှ(၇)ရက်အတွင်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် လုပ်ငန်းအပ်နှံ/လက်ခံသည့် စာချုပ်ချုပ်ဆိုရမည်။

(ခ) တင်ဒါရွေးချယ်ခြင်းခံရသူ၏ လုပ်ငန်းအလိုက် ခန့်မှန်းခြေစာရင်းများအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသို့ တင်ပြစိစစ်ခြင်းခံရမည်။

(ဂ) တင်ဒါအောင်မြင်သူမှ တစ်ဆင့်ခံကန်ထရိုက်(Subcontract)သို့ ထပ်မံလွှဲပြောင်းခြင်းမပြုရ။

(ဃ) ရွေးချယ်ခံရပြီးမှ မည်သည့်အကြောင်းကြောင့်ဖြစ်စေ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ပါကအပိုဒ် ၁၊ အပိုဒ်ခွဲ (ခ) အရ တင်သွင်းထားသော အာမခံစပေါ်ငွေ **(၁%)** ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းကို သဘောတူလက်ခံရမည်။

(င) လုပ်ငန်းများအတွက် ငွေပေးချေသည့်အခါတိုင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် **Withholding Tax ၂% ကို ပေးသွင်းရမည်။**

(စ) **ကြေညာထားသည့် ခွင့်ပြုရန်ပုံငွေတွင် ကုန်သွယ်လုပ်ငန်းခွန် (၅%) အတွက်အပါအဝင်ဖြစ်ပြီး၊**ငွေပေးချေမှုတိုင်းတွင်ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့်ကုန်သွယ်လုပ်ငန်းခွန်တို့ပါပြဋ္ဌာန်းချက်များနှင့်အညီဝန်ဆောင်မှုတန်ဖိုး၏ **(၅%)**ကိုပါပေးဆောင်ရမည်။

(ဆ) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်က ဖွဲ့စည်းပေးထားသည့် ဆောက်လုပ်ရေးတင်ဒါဆိုင်ရာကော်မတီများမှ မည်သို့ပင်စစ်ဆေးလက်ခံခဲ့စေကာမူ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်အဖွဲ့၏ စစ်ဆေးညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၅။ **ငွေပေးချေခြင်း**

(က) လုပ်ငန်းပြီးစီးမှုအဆင့်အလိုက် အရစ်ကျ ငွေပေးချေမည့်အစီအစဉ်ကို တင်ဒါရွေးချယ်ခြင်းခံရသူနှင့် ညှိနှိုင်းသတ်မှတ်၍ စာချုပ်တွင်ထည့်သွင်းချုပ်ဆိုမည်။

(ခ) တင်ဒါအောင်မြင်သူက အပိုဒ် ၁၄၊ အပိုဒ်ခွဲ (က)အရ ချုပ်ဆိုသည့် စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းအဆင့်လိုက်ပြီးစီး၍ ငွေတောင်းခံသည့်အခါ၌ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် အရည်အသွေးစစ်ဆေးရေးကော်မတီ၏ စစ်ဆေးထောက်ခံ ချက်ဖြင့် ငွေပေးချေမည်။

(ဂ) ကျသင့်ငွေကို ရုံးဖွင့်အလုပ်လုပ်ရက် (၇)ရက်အတွင်း ချက်လက်မှတ်ဖြင့် ပေးချေမည်။

၁၆။ **လုပ်ငန်းပြီးစီးရန် နောက်ကျခြင်း၊ ပျက်ကွက်ခြင်း**

နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ပါ အင်ဂျင်နီယာစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ရက်အတွင်းပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး **သတ်မှတ်ကာလအတွင်း မပြီးစီးပါက (၁) ရက်လျှင်ကျန်လုပ်ငန်းတန်ဘိုး၏ (၀.၀၁%)ကို နောက်ကျရက်နှင့်တွက်ချက်၍ ကျသင့်ငွေအား** မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ငွေစာရင်းဌာနသို့ ပေးသွင်းရမည်။ပျက်ကွက်ခြင်းဖြစ်ပေါ်ပါကအပိုဒ် ၁၄၊ အပိုဒ်ခွဲ (က)အရ ချုပ်ဆိုထားသည့် စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ အရေးယူမည်။

၁၇။ **အဆောက်အဦအာမခံသက်တမ်းသတ်မှတ်ခြင်း**

သဘာဝဘေးအန္တရာယ်မှအပ တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း/ကုမ္ပဏီ၏ ကြီးကြပ်မှုအားနည်းချက်အရလည်းကောင်း၊ စံချိန်စံညွှန်းမပြည့်ဝမှုကြောင့်လည်းကောင်း ပျက်စီး မှုဖြစ်ပေါ်ပါက လုပ်ငန်းလက်ခံပြီး (၂)နှစ်အတွင်းဖြစ်ပေါ်သည့် ပျက်စီးမှုများကို တင်ဒါအောင်မြင်သူ၏ စရိတ်ဖြင့် တာဝန်ယူပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးရမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**